# အိမ်မြှောင်လှောင်အိမ် အခန်း (၄၂)

“ ငါသူများ နားညည်းလောက်အောင် မဆူညံခဲ့ပါဘူး”

ဆိုပြီး ကိုယ့်ဘာသာ ကိုယ် ပြန်လည်သုံးသပ်နေမိတယ်။ တကယ်သာ သူများတွေကို အနှောက်ယှက်ပေးမိရင် အခုလောက်ဆိုရင် ထောင်မှူးတွေ ငါ့ကို လာရှာကြလိမ့်မယ်။ မနေ့ကဆိုရင်လည်း နတ်ကွန်းနားကို ဘယ်ထောင်မှူးမှ မလာကြဘူး။ ဒီကိစ္စဘဲ ခေါင်းထဲက မေးခွန်းတွေ ထွက်လာနေတယ်။ ကြောက်စိတ်နဲ့ တုန်လှုပ်နေတာအမှန်ဘဲ။ ကိုစိန်ယုံဟာ လက်သည်းထဲက ချေး(ဂျီး)တွေကို ကော်ထုတ်နေတယ်။ အဆောင် ၄က ထောင်မှူးနှင့်တွေ့တဲ့အခါ သူဟာ အတတ်နိုင်ဆုံး ရိုရိုသေသေ လေးလေးစားစား ဆက်ဆံပါတယ်။ “သူဘယ်မှာလည်းခင်ဗျာ”လို့ ရိုရိုသေ သေမေးလိုက်တယ်။ ထောင်ဝါဒါက ပြန်ပြုံးပြရင်း “လာပါနောက်မှ ငါဘာတွေတွေ့ထားတယ်ဆိုတာ ပြောပြမယ်။” လက္ခဏာဆရာဟာ ဝတ်ထားတဲ့ ပုဆိုးကြားထဲက လျှို့ဝှက်အိပ်လေးကို စမ်းလိုက်ပြီးအထဲက ဆေးပေါ့လိပ် ၂လိပ်ကို ထုတ်လိုက်တယ်။ ဝါဒါလက်ထဲကို ထည့်ပေးလိုက်တယ်။ သူဟာ မနေ့ကလည်း ထောင်စာရင်းစစ်နှင့် စကားများသေးတယ်။ သူ့အတွက် ကံမကောင်းတဲ့နေ့တွေဖြစ်နေတယ်။ ပြီးတော့လည်း ထောင်ပိုင်ကြီးနှင့်လည်း သူရှင်းရဦးမယ်။

*****

“ ဘယ်လို ပြဿနာဖြစ်နေတာလည်း။” ဝါဒါက *****

“ သူပြောပြချင်ရင် မင်းကိုတွေ့ရင် ပြောမှာပေါ့။ မင်းဘာသာမင်း မေးကြည့်ပါလား။” ဆေးပေါ့လိပ်နှစ်လိပ် ပေးရပေမဲ့ ဘာမှလည်း မသိရပါလား။

ဝါဒါက “ငါပြောပြီးပြီလေ၊ မင်းကိုသူတွေ့ရင် ပြောပြချင်ပြောပြမှာပေါ့။ ဒါပေမဲ့ မင်းသိချင်ရင် ငါသိတဲ့သတင်းပြောပြမယ်။ ဒီနေ့မနက် နယ်စပ်က ထောက်လှမ်းရေးတွေ ဒီကိုရောက်လာပြီး M.Iထောက်လှမ်းရေးဗဟိုကလူတွေ အခုစခန်းထဲမှာ တည်းကြတယ်။ ဒါကြောင့် စစ်ထောက်လှမ်းရေး သိပ်ဖြစ်ချင်နေတဲ့ ကိုလူချောတယောက် ဗျာများနေတာပေါ့။ ဒါဟာ သတင်းထူးဘဲ။ ”

“ သူ့ကို ကျနော်တွေ့ချင်တယ်။ သူဘယ်မှာ ရှိနိုင်မလဲ၊ သိလား။ သူ့ကိုတွေ့ရင် ပြောပေးပါလား။ ကျနော် ကိုလူချောနှင့်တွေ့ပြီး ထောင်ထဲမှာ ရှာဖွေတဲ့ကိစ္စ အကြောင်း ပြောစရာတွေရှိတယ်လို့။ ” ဝါဒါက *****

“ အခုအချိန်မှာတော့ မင်းပြောမဲ့သတင်းကို သူစိတ်ဝင်စားမှာမဟုတ်ဘူး။ ရှာဖွေတဲ့ကိစ္စပြီးပြီ။ အဆုံးသတ်လိုက်ပြီ။ ဒါ ထောင်ပိုင်ကြီးရဲ့အမိန့်ပဲ။ ”

“ ဘာဘဲဖြစ်ဖြစ်ဗျာ သူ့ကိုသာတွေ့ခဲ့ရင် ကျနော် သိပ်အရေးကြီးတဲ့သတင်း

ပေးစရာရှိလို့ လိုက်ရှာနေတယ်လို့ဘဲ ပြောပေးပါ။”

ကိုလူချော တနေ့လုံး နိုင်ငံရေးအကျဉ်းသားတွေနှင့် ရှိနေမှာမဟုတ်ပါဘူး။

“ သူထမင်းစားတော့မှာဘဲ၊ ထမင်းစားချိန်မှာတွေ့ရင် သူ့ကို ပြောပေးပါ။ ထောင်တံခါးကြီး မပိတ်ခင်အချိန်အထိ တောင်ယာထဲမှာ ကျနော်စောင့်နေပါ့မယ်လို့။”

ဝါဒါက “မင်းအရေးကြီးကိစ္စ ပြောချင်တယ်ဆိုတာလည်း မင်းသူတို့ ပိုက်စိတ်တိုက်ရှာနေတဲ့ပစ္စည်းကို တွေ့ထားလို့လား။”

ကိုစိန်ယုံက စိတ်ပျက်စွာနှင့်

“ကျနော်ပြောခိုင်းထားတာဘဲ ပြောပြပေးပါ။ သူဝမ်းသာရမဲ့ သတင်းကောင်း ကျနော်မှာရှိတယ်ဆိုတာဘဲ။”

***************

တေဇပါးစပ်ထဲမှာ သွေးစတွေ ကျန်နေသေးတယ်။ ဘယ်လောက်ဘဲနာနာ သူစကားပြောဖို့တော့ ကြိုးစားမယ်လို့ ဆုံးဖြတ်ထားတယ်။ အခုချိန်မှာဘဲ ကောင်လေးရောက်လာတယ်။

* * ***** တေဇက Free El Salvadorကောင်လေးကို

“ မင်းအမေဘယ်မှာလည်းလို့ မေးလိုက်တယ်။ ကောင်လေးဟာ သူ့အမေအကြောင်း မေးသံကြောင့် လက်ထဲက ထမင်းလင်ပန်းပေါ်ကို ကျောက်တုံးကြီး ပြုတ်ကျလာသလိုခံစားရင်း ယိုင်ပြီးလဲကျသွားမလို ဖြစ်သွားပါတယ်။

***** “ မေမေ” *****

÷÷÷÷÷÷ --- ပြင်းထန်တဲ့ခံစားချက်ဟာ ကောင်လေးရင်ကို ထိမှန်သွားတယ်။

***************

ဝါးနှင့်ရက်ထားတဲ့ ကြမ်းပြင်ပေါ်ကို နေရောင်ခြည်က ကျနေတယ်။ အဝါရောင်ပန်းကိုပန်ထားပြီး ပန်းနုရောင်ထမီနှင့်သနပ်ခါးသွေးနေတဲ့ မေမေကို သတိရမိတယ်။ လက်ညှိုးနှင့်သနပ်ခါးကိုကော်ပြီး ပါးပြင်ပေါ်ကို လိမ်းခြယ်လိုက်ပြီး သနပ်ခါးကျောက်ပြင်ပေါ်မှာ နောက်ထပ်သွေးနေတယ်၊ ပြီးတော့မှ သူ့ရဲ့ပါးပြင်ပေါ်မှာ ဝိုင်းဝိုင်းလေး လိမ်းပေးလိုက်ပြီး ဘီးနှင့်ပုံဖော်ပေးတယ်။

***** " မေမေ " *****

ဘယ်သူက သေဆုံးနေတဲ့ မေမေရဲ့စကားသံကို ကြားနိုင်မှာလည်း။

ကောင်လေးရဲ့ မျက်လုံးထဲမှာ တခုခုဖြစ်လာလို့ လက်နှင့်ပွတ်ချလိုက်တယ်။ လက်တဖက်တည်းနှင့် လင်ပန်းကိုကိုင်ရင်း အကျဉ်းခန်းထဲကို လှမ်းဝင်လိုက်တဲ့အခါ လင်ပန်းထဲက ထမင်းရည်တချို့ ဖိတ်ကျသွားတယ်။ တေဇ ကောင်လေးကို လှမ်းထိမ်းလိုက်ရင်း သူကောင်လေးကို မေးမိတဲ့စကားကို နောင်တရမိတယ်။

တေဇ ချောင်းတ တဟွတ်ဟွတ်ဆိုးရင်း ထိုင်ချလိုက်တယ်။ သံတိုင်ခြားထားတဲ့ လူနှစ်ယောက် တယောက်မျက်နှာကို တယောက်စိုက်ကြည့်နေမိတယ်။ တေဇရဲ့ကိုယ်ဟာ ရှေ့တိုးနောက်ငင်နှင့် ဝါးပင်လေတိုက်လို့ လှုပ်နေသလိုလို့ ကောင်လေးထင်မိတယ်။ သမထ ထိုင်နေတယ်။ တေဇရဲ့ စကားသံဟာ ကောင်လေးအတွက် သံချောင်းတချောင်း အစိုက်ခံရသလို ခံစားရတယ်။

*****" မင်းအမေ ဘယ်မှာရှိသလဲဆိုတာ မင်းသိလား"

Free El Salvadorလေးရဲ့ပါးစပ် ဟသွားတယ်။ အဖြေဟာ သူ့ရင်ထဲ တနေရာမှာရှိနေတယ်။ ဇာတ်လမ်းတခုလုံး သူ့ရင်ထဲမှာ ရှိနေတယ်။ စပြောရမဲ့စကားကို ခက်ခက်ခဲခဲ စဉ်းစားနေတယ်။ သမန်တလင်းကို စိုက်ကြည့်နေမိတယ်။

တေဇ " ဒါဆိုကောင်းတယ်။ မင်းသိတယ် မဟုတ်လား၊ မင်းအမေ ဘယ်မှာရှိ နေတယ်ဆိုတာ။

***** " သူသေပြီ"

အသံလေးဟာ တိုးတိုးလေးပေမဲ့ အေးစက်နေတယ်။ မေမေဆိုတဲ့အသံဟာ သူနားနှင့် သိပ်မယဉ်တော့ဘူး။

*****

ဆံပင်ရှည်တွေကို ပါတ်ထားရင်း ဘီးနှင့်ထိုးထားပြီး ချောင်းတွေ တဟွတ် ဟွတ်ဆိုးနေတဲ့ အမေကို ပြန်မြင်ယောင်လာတယ်။ ချောင်းဆိုးသွေးပါလို့ သုတ်ထားတဲ့ လက်ကိုင်ပုဝါကို ခေါင်းအုန်းအောက်မှာ ဝှက်ထားလေ့ရှိတယ်။ အမေ တခါတလေ ပျော်ရွှင် စွာ သီချင်းဆိုတအေးအေးနှင့် သူ့အတွက် မုန့်ဟင်းခါးကို ချက်ကျွေးလေ့ရှိတဲ့အမေ၊ ဒန်အိုးထဲမှာ သူ့အဝတ်တွေထည့် ပြီး လျှော်ဖွတ်ပေးနေတဲ့ အမေ။

***** " မေမေ " ????

"ဒါဆိုရင် မင်းအဖေရော။" ကောင်လေးက "သူလည်း သေသွားပြီ။" တေဇက

“ဒါဆိုရင် မင်းဒီထောင်ထဲက ထွက်လို့ရသလား ?

“ ဘာဖြစ်လို့လဲ”

“ မင်းထောင်ကြီးနှင့် အဝေးကြီးကို ထွက်သွားလို့ရသလား?

“ ဘယ်ကိုလဲ ? လို့ ပြန်မေးလိုက်တယ်။

“ အပြင်ဘက် ရန်ကုန်မြို့ကြီးရှိတဲ့နေရာပေါ့ကွာ။ ”

ကောင်လေး ခေါင်းခါနေတယ်။ ခေါင်းထဲမှာလည်း မူးလာသလို ခံစားရတယ်။ နေမကောင်းချင်သလို ဖြစ်လာတယ်။ တေဇ အခန်းထဲက ထွက်မသွားခင် စကားတခွန်းတော့ ပြန်ဖြေလိုက်တယ်။

“ ကျနော့် အလုပ်က ဒီထောင်ထဲမှာ ရှိတယ်။”

ဘာဘဲဖြစ်ဖြစ် ဒီနေရာကအကျဉ်းထောင်ဘဲ။ အလွန်ရုပ်ဆိုးတဲ့ အချုပ်ခန်းကြီးဘဲ။

“ ဒီမှာ ညီလေး၊ ငါတို့တတွေ ဘယ်သူမှ ဒီနေရာမှာ မနေချင်ကြဘူး။ ဒီနေရာဟာ လူတွေနေဖို့ကောင်းတဲ့နေရာ မဟုတ်ဘူး။ မင်းဟာ ငါတို့အားလုံးထဲမှာ ကံအကောင်းဆုံး လူဘဲ။ မင်း အဲဒါကို သိလား?” ကောင်လေး အံ့ကြိတ်လိုက်တယ်။ သူ့ရဲ့ကံကိုလည်း မကျေမနပ် ဖြစ်နေတယ်။

**********

တေဇ မရယ်လိုက်မိဖို့ ကြိုးစားတယ်။ ရယ်လိုက်မိရင် သူ့ပါးစပ်တွေ အရမ်းနာသွားလိမ့်မယ်။ နှာခေါင်းထဲက လေမှုတ်ထုတ်လိုက်ရတယ်။

“ဘာဘဲပြောပြော မင်းဟာ သိပ်ကံကောင်းတယ်။ ”တေးဆိုင့်က ငါ့ကို ဘာတွေပြောနေသလဲဆိုပြီး ကောင်လေး ခေါင်းနှောက်သွားတယ်။ တေဇ ရူးသွားပြီလား၊ ဒါမှမဟုတ် ကြောင်သွားပြီလား?

“ဘာကြောင့် ကျနော့်က ကံကောင်းတာလဲ?”

***** တေဇ သံတိုင်ကို လက်နှင့်ဆုပ်ကိုင်ထားရင်း --------

“ မင်းဟာ သူများတွေနဲ့ မတူဘူး။ ဝါဒါတွေက တာဝန်ရှိလို့ ဒီမှာနေမှာနေရတယ်။ ငါတို့အကျဉ်းသားတွေဟာ အကျဉ်းကျလို့ ဒီလှောင်အိမ်ကြီးထဲမှာ နေရတယ်။ မင်းက ဘယ်သူနဲ့မှ မတူဘဲ ဘယ်သွားသွား သွားလို့ရတဲ့လူဘဲ။ ညီလေး မင်းကံမကောင်းစွာနှင့် ဒီလှောင်အိမ်ကြီးထဲက ထွက်သွားလို့ရတယ်။”

***** " ***** "

ကိုစိန်ယုံပြန်သွားတာနှင့် ဝါဒါကြီးဟာလည်း ဆေးပေါ့လိပ်အသစ် နှစ်လိပ်ကို အိတ်ထောင်ထဲ ထဲ့လိုက်ရင်း စခန်းရှိတဲ့နေရာကို ထွက်သွားတယ်။ အဆောင်တဝက် မရောက်သေးခင်မှာ ကိုလူချော နိုင်ငံရေးအကျဉ်းသားတွေကို အော်ဟစ်ပြောဆိုနေသံ အတိုင်းသားကြားလိုက်ရတယ်။ ထောင်ထဲမှာ ပုံမှန်အရဆိုရင် ထောင်ကျနှစ်ကြီးသမား တွေဟာ ထောင်ထဲကို အသစ်ရောက်လာတဲ့ လူသစ်တွေကို ထောင်စည်းကမ်း၊ ထောင်ကျင့် ဝတ်၊ ထောင်ထဲမှာလုပ်ရမဲ့အလုပ်၊ နေထိုင်၊ သွားလာ၊ ပြောဆို ဆက်ဆံနည်းမျိုးစုံကို ဝါဒါ တွေ ထောင်မှူးတွေ အရှေ့မှာ ဆရာလုပ်ခွင့်ရကြတယ်။ ဒါပေမဲ့ နိုင်ငံရေး အကျဉ်း သား တွေကိုတော့ ထောင်ကျလူဟောင်းတွေ တွေ့ခွင့်တောင်မရှိဘူး။ ဝါဒါတွေ ထောင်မှူးတွေနှင့် တိုက်ရိုက်အုပ်ချုပ်မှုခံရတယ်။ ဒါကြောင့် ကိုလူချောက နိုင်ငံရေးအကျဉ်းသားအသစ်တွေ ရောက်လာရင် အာဏာပြတတ်တယ်။

ဝါဒါတွေဟာ အစောင့်တယောက်ကိုခေါ် ပြီး ကိုလူချောက သူ့မှာအရေးကြီးစ ကားပြောစရာရှိတယ်ဆိုတာကို ပြောခိုင်းလိုက်တယ်။ ကိုလူချောရှေ့ ဝါဒါရောက်သွား တော့ ဝါဒါကို ထောင်မှူးကိုလူချောက "စောင့်နေဦး"လို့ ပြောလိုက်တော့ လက်ဆောင်ရ ထားတဲ့ ဆေးပေ့ါလိပ်တလိပ် ကုန်တဲ့အထိ စောင့်နေရတယ်။ နောက်ဆုံး ကိုလူချောနှင့်တွေ့ တော့ ကိုလူချောမျက်နှာဟာ ရဲတွတ်နေပါတယ်။ ဒေါသထွက်နေတဲ့ မျက်နှာဖြစ်တယ်။

***** ဒါနှင့် ဝါဒါလည်း အလွန်ရိုသေကျိုးနွံတဲ့အသံနှင့် ----

" ဆရာရဲ့ အချိန်ကို အနှောက်အယှက်ပေးမိတာ တောင်းပန်ပါတယ်။ ဒါပေမဲ့ ဆရာတပည့် ကိုစိန်ယုံမှာလိုက်တဲ့ အရေးကြီးစကား ကျနော် ပြောစရာရှိလို့ပါ။ "

" အဲဒါ ဘာဖြစ်လဲ။ ငါအလုပ်လုပ်နေတယ်ဆိုတာ။ မင်းမမြင်ဘူးလား။ "

"ဟုတ် -- ဟုတ်ကဲ့ ဆရာ မြင်ပါတယ်။ ဒါပေမဲ့ ကိုစိန်ယုံက ဆရာရှာနေတဲ့ ကိစ္စ နှင့် ပတ်သက်ပြီး ဆရာ့ကို သတင်းပေးစရာရှိတယ်လို့ပြောတယ်။ သူပြောမဲ့စကားကို ဆရာသိရင် သိပ်ဝမ်းသာ သွားမယ်တဲ့။ "

" ဟေ ---- ဟုတ်လား။ အဲဒီ ခွေးမသား အခုဘယ်မှာလဲ။ "

ဝါဒါက တောင်ယာထဲမှာ ဆရာ့ကိုစောင့်နေပါတယ်။ ကျနော်အခု သွားပြော လိုက်ပါမယ်။ ဝါဒါလည်း ထွက်သွားရော ကိုလူချောဟာ ချွေးပြန်နေတဲ့ မျက်နှာကို လက်ကိုင်ပုဝါနှင့် သုတ်လိုက်တယ်။ စိတ်ကိုလည်း ပြန်ငြိမ်အောင် လုပ်လိုက်တယ်။ တခြားဝါ ဒါတွေ အလုပ်ပြီးလို့ပြန်ပေမဲ့ ကိုလူချောကတော့ မနက်ဖြန် ဒီအခန်းကို ပြန်လာပြီး အလွန် ခေါင်းမာတဲ့ နိုင်ငံရေးသမားကို ထပ်စစ်ဦးမယ်။ အဲဒီ နိုင်ငံရေးသမားအကျဉ်းသားက နယ်

စပ်ကဆိုပေမဲ့ မြန်မာနိုင်ငံ နယ်စပ်တော့မဟုတ်။ ရန်ကုန်နယ်စပ်က ဖြစ်တယ်။ အဲဒီလူအကြောင်း ဝါဒါ M.Iစစ်ကြောရေးစခန်းက လူတွေပြောတော့ ရန်ကုန်နယ်စပ်ရဲ့ အိမ်ထဲမှာ ယိုးဒယားနယ်စပ်က မြေအောက်တော်လှန်ရေးသမားတွေလာပြီး စုဝေးတိုင်ပင်တဲ့ နေရာ ဖြစ်တယ်။

စစ်ကြောရေးစခန်းမှာ ထုံးစံအတိုင်း စစ်ဆေးပြီးပြီ။ ခါတ်လိုက်စေတဲ့ ကျဉ်စက်ကိုသုံးတယ်၊ မော်တော်ဆိုင်ကယ်စီးသလို လေထဲမှာ ကွကွကြီး အကြာကြီး ထိုင်ခိုင်းတယ်။ တခါ ပုလင်းကွဲပေါ်မှာ ဒူးထောက်ခိုင်းပြီး စစ်တော့လည်း အဲဒီလူက ဘာမှမပြောဘူး။ ဘာမှစစ်လို့ မရဘူး။ အဲဒီလူက ဘာမှ မကြောက်တဲ့လူ။ စစ်ထောက်လှမ်းရေးတွေကို ကိုလူချော အပြစ်တင်မိတယ်။ ဒီနိုင်ငံရေး အကျဉ်းသား၊ တော်လှန်ရေးသမားကို ဘာဖြစ်လို့ ထောင်မှူးကိုလူချော တေဇကိုစစ်ဆေးသလို မျက်နှာကို တုတ်နှင့် ရိုက်ပြီး စစ်တဲ့နည်းကို မသုံးတာလဲ။ အသုံးမကျဘူးလို့ ထင်နေတယ်။ သူသာ M.Iထောက်လှမ်းရေးဖြစ်ရင် ဒီခေါင်းမာတဲ့ နိုင်ငံရေးအကျဉ်းသား မျက်နှာကို အကြိမ်ပေါင်းများစွာ တုတ်နှင့်ဖြတ်ရိုက်ပြီး စစ်ဖိနပ်နှင့် ခေါင်းကိုနင်းကြိတ်ထားပြီး ငိုနေတဲ့ အသံကို နားထောင်နေမိတယ်။ အဲဒီလူ လိုပုံစံ လူတယောက် ဒီမှာရှိနေရင် နောက်ရောက်လာတဲ့ နိုင်ငံရေးအကျဉ်းသားတွေ အားတက်သွားမယ်။ အားကိုးကျလိမ့်မယ်။ သူရဲကောင်း အဖြစ် သတ်မှတ်ကြလိမ့်မယ်။ ရက်စက်မှုတွေအားလုံးကို ကျော်လွှားခံစားလွန် မြောက်နိုင်တဲ့သူဆိုပြီး သူ့လိုဘဲ နေထိုင်ကျင့်ကြံကြရင် ထောင်မှူး ကိုလူချောတို့ အင်းစိန်ထောင်ကြီး အရှုံးပေးလိုက်ရ လိမ့်မယ်။

တေးဆိုငှက်လည်း အဲဒီလူလိုဘဲ ခေါင်းမာတယ်။ ကိုလူချောက တေဇနှင့်ပတ်သက်ပြီး သူခံလိုက်ရတာကို နောင်တရမိတယ်။ ဒါပေမဲ့ တေဇ မေးရိုးကျိုးသွားတဲ့အထိ သူရိုက်လိုက်တာကို သဘောကျ ကျေနပ်မိတယ်။ အကျီ လက်ကို ခေါက်တင်လိုက်ရင် ကိုစိန်ယုံရှိမဲ့ တောင်ယာစိုက်ခင်းတွေ ဘက်ကို ထွက်လာခဲ့တယ်။

ကိုစိန်ယုံ မြေပုတ်တွေကို ခြင်းတောင်းတလုံးနှင့်သယ်နေတာ အဝေးကမြင်ရတယ်။ ကိုစိန်ယုံများ ဘော်လ်ပင် ရှာတွေ့သွားပြီလား။ စိန်ယုံဟာ သူ့ရဲ့ထောင်ကျရက်လျော့ဖို့အတွက်ကို စဉ်းစားနေတယ်။ ဒါပေမဲ့ ရှာဖွေရေးကိစ္စ မအောင်မြင်ဘဲ သူကံဆိုးလာတာ သူသိနေတယ်။ ဘယ်သူ့ကိုမှလည်း မယုံတော့ဘူး။ ထောင်ပိုင်ကြီးကလည်း မနေ့ည သူ့ကိုပြောပြီးပြီ။ M.Iဝင်ဖို့ မကူညီတော့ဘူးဆိုတာလည်း သိပြီးပြီ။ ကံအကောင်းဆုံး သတင်းမှာ ကိုလူချောက တေဇကို ပြင်းပြင်းထန်ထန် နှိုက်စက်ခဲ့တာကို ထောင်ပိုင်ကြီးက မှတ်တမ်းထဲမှာ မရေးဘူးဆိုတာဘဲ။

နောက်တခု လုပ်လိုက်တာက သောက်ထားတဲ့ လက်ဖက်ရည်နှင့် စားရင်းစစ်ကို ပက်လိုက်တာလေးဘဲ။ တကယ်တော့ အဲဒီလူကို ပြူတင်းပေါက်ကနေ ခုန်ချထွက်ပြေး

သွားရတဲ့အထိ လုပ်စရာမလိုပါဘူး။ ကိုလူချောက သူ့လက်ဖက်ရည်ထဲမှာ အဆိပ်ခတ်ထား တယ်ဆိုပြီး ထောင်ပိုင်ကြီးကို ဆင်ခြေပေးလိုက်တယ်။

“ ညွန့်ဝေဦး မင်းရဲ့ ဆင်ခြေတွေကို ငါဘာမှ စိတ်မဝင်စားဘူး။ ” အဲဒါကိစ္စ လူချော ကေ့ာနေအောင် ခံစားလိုက်တာတယ်။

လက်ဖက်ရည်နဲ့ကို ပြန်ခံစားမိတော့မှ သူမှားကြောင်း သိလိုက်ရတော့တယ်။ ဘာဖြစ်လို့ ဒီလောက် ကယောင်ခြောက်ခြား ဖြစ်သွားရတာလဲ။ ပိုဆိုးတာက ဒီကိစ္စနှင့် အိမ်ပြန်တော့ မိန်းမက ကြက်သားတွေ ဈေးကြီးသွားတာ ကိုလူချောအသုံးမ ကျလို့ဆို တဲ့ပုံစံမျိုး ပြောတာခံရပြန်တယ်။

**********

လှမ်းနေတဲ့ခြေလှမ်း ခဏရပ်လိုက်ရင်း ဆေးပေ့ါလိပ်ကိုထုတ်ပြီး သောက်လိုက် တယ်။ ခဏရပ်လိုက်တာနှင့် ဒူးခေါင်းက အရမ်းနာကျင်လာတာကို ခံစားလာရတယ်။ မီးလောင်ခံရသလို ခြေထောက်တခုလုံး ပူလောင်လာတယ်။ မနေ့က စာရင်းကိုင်နှင့် မဆင်မခြင် လိုက်တမ်းပြေးတမ်းကစားလိုက်လို့ အခုတော့ ဒုက္ခရောက်ရပြီ။ မိန်းမက ဆရာ ဝန်ပြရင် ကောင်းမယ်လို့ဆိုပေမဲ့ ကုန်ကျစရိတ်ကို ဒီမိန်းမ မစဥ်းစားမိဘူး ထင်ပါတယ်။ ဒါပေမဲ့ အကုန်ကျသက်သာအောင် ထောင်ဆရာဝန်နှင့် ပြပါလားလို့ပြောလာတယ်။ ဒီလောက်အကိုင်ကြမ်းတဲ့ ထောင်ဆရာဝန်နှင့် ပြစရာလား။ အဲဒီဆရာဝန်ရဲ့ လက်နှင့် တောင် မကိုင်စေချင်ဘူး။

**********

လက္ခဏာဆရာက အစောင့်ကို စကားပြောနေတာတွေ့ရတယ်။

“ကောင်းတယ်၊ ဒီကောင် ငါနှင့်စကားလာပြောဖို့ ငါ့ဖက်ကကြည့်ရင် အခွင့် ကောင်းဘဲ။ ငါက မသွားဘဲ ငါရပ်နေတဲ့နေရာကို သူလာရင်အကောင်းဆုံးဘဲ။ ”

ရွံ့ပုတ်တွေအပေအကျံနှင့် စိန်ယုံရောက်လာပြီ။ လက်ထဲက လက်ကိုင်ပုဝါနှင့် နှာခေါင်းကို ပိတ်ထားရတယ်။ အုတ်နီခဲတွေကို တတုံးပြီး တတုံးကျော်လွှားရင်း လုံချည်ကို လည်း သေသေချာချာ ကျစ်ကျစ်လစ်လစ် လုပ်လိုက်တယ်။ သူ့ရဲကောင်းတယောက် စစ် မြေပြင်ထွက်ဖို့ ခါးပါတ်တာနှင့်တူတယ်။ ဒီလိုနှင့် စိန်ယုံလာနေတဲ့ဖက်ကို တလှမ်းချင်း၊ ဒူးက သိပ်နာလာပြန်တယ်။

# အခန်း (၄၃)

Free El Salvador အဲဒီနာမည်ကို ခေါ်လိုက်ဖို့ ကြိုးစားလိုက်ပါတယ်။ ပါးစပ်က နာကျင်နေတော့ အသံမပီဘူးဖြစ်သွားတယ်။ အသံထွက်မမှန်ဘူး ဖြစ်သွားတယ်။ ကောင်လေးက နားမလည်နိုင်တဲ့ အကြည့်နှင့်ဘာလဲဆိုတော့မေးတယ်။

*****

" အဲဒါ မင်းရဲ့ ရင်ဘတ်မှာ ရေးထားတယ်။" ကောင်လေးဟာ စာသားတွေကို သေချာမြင်အောင် ရင်ဘတ်ကတီရှပ်ကို ဆွဲထုတ်ကြည့်နေတယ်။ ကပ်ထားတဲ့ စာသားတွေကို ကောင်လေး နားမလည်ပါ။ ရင်းနှီးမှုမရှိပါ။

" အဲဒါ Free El Salvador ဆိုတဲ့ဟာ အင်္ဂလိပ်စာကွ။ ဗမာလိုရေးထားတာ မဟုတ်ဘူး။ အဲဒီ နိုင်ငံလေးဟာ အဝေးကြီးမှာ။ စပိန်နိုင်ငံလို့ ခေါ်တယ်။"

တေဇလည်း သေသေချာချာ နားမလည်ပါ။ တခုတော့ သိတယ်။ သူတို့တွေလည်း ဗမာပြည်က လူတွေလိုဘဲ အရပ်သားကိုယ်ပိုင်အုပ်ချုပ်ရေး၊ ဒီမိုကရေစီရှိတဲ့ နိုင်ငံဖြစ်အောင် ကြိုးစားနေကြတာ။ ဒါပေမဲ့ စစ်တပ်အုပ်ချုပ်ရေးဆိုတော့ တိုင်းပြည်သားတွေ တောင်းတာမပေးဘူး။ တိုင်းမ်မဂ္ဂဇင်းမှာ ရေးတာတွေ့ဘူးတယ်။ သူတို့လည်း လွတ်လပ်ရေး လိုချင်နေကြတယ်။ ဗမာပြည်လိုဘဲ တိုင်းသူပြည်သားတွေဟာ ကိုယ့်နိုင်ငံမှာ အကျဉ်းကျခံနေကြရတယ်။ ဒီတော့ အကျဉ်းကလွတ်မြောက်ချင်ကြတာပေါ့။ "ဒါကြောင့် မင်းဝတ်ထားတဲ့ တီရှပ်လေးကနာမည်ကို ငါခေါ်လိုက်တာ။ အဲဒီ နာမည်က ဘယ်သူလည်း မင်းသိလား။"

**********

ကောင်လေး နှာခေါင်းကို ပွတ်လိုက်ရင်း နားမလည်တာတွေကို စဉ်းစားနေတယ်။ ခေါင်းထဲမှာ တခုရှိတယ်။ သူဟာ တေဇအခန်းထဲမှာ သိပ်ကြာနေပြီ။ တေဇကို မော့ကြည့်လိုက်တယ်။ တေဇကလည်း သူ့ကို စိုက်ကြည့်နေတယ်လေ။ ဒီလိုမျက်လုံးမျိုးတွေ တွေ့ဘူးတယ်။ မြန်မာပြည်တောင်ပိုင်း သစ်တောတွေမှာ မူးယစ်ဆေးဝါးကြောင့် ထောင်ကျတဲ့လူတွေ အလုပ်လုပ်နေကြတာ။ အရိုးဘဲ ကျန်တော့တဲ့လူတွေ၊ စားစရာမလုံလောက်တဲ့ လူတွေ။ တေဇတို့လို တိုက်ပွဲ ဝင်နေကြရတယ်။

ဘာဘဲဖြစ်ဖြစ် ငါဟာဘာကြောင့် တေဇကိုကြောက်ရမှာလည်း ပုခုံးကိုတွန့်နေရင်း ပိန်ညှောင်နေတဲ့ တေဇခန္ဓာကိုယ်ကို ကြည့်နေမိတယ်။

တေဇ ငါ့နာမည်ကို ဘာလို့ သိချင်ရတာလဲ။?

**********

တန်းစီး ဦးကျားကြီးနှင့် ထောင်မှူးဦးချစ်နိုင်တို့ သူ့ရဲ့နာမည်ကို သိကြတယ်။ သူ့နာမည်ကို မပြောကြပါစေနှင့်။ ဘာဘဲဖြစ်ဖြစ် ကောင်လေးဟာ သူ့ကိုထောင်ထဲမှာခေါ်တဲ့နာမည်ကိုဘဲ သဘောကျတယ်။

**********

" ညီလေး "

" ကြွက်သတ်သမား "

" အရူးလေး "

" ကောင်လေး "

" ကုလားလေး " ဘယ်လို နှောက်ပြောင်ပြီးခေါ်ခေါ် သူကြိုက်တယ်။ သူ့ရဲ့နာမည်ဟာ ဘာနှင့်တူသလဲဆိုရင် အဖေရဲ့သွားနှင့်၊ အမေရဲ့ သနပ်ခါးဗူးဘဲ။ ဒါကို လုံခြုံအောင်သိမ်းထားမှ လုံခြုံမှု ဖြစ်မယ်။

***** ဘယ်လောက် ငယ်သေးသလဲဆိုတာကြည့်ရင် သိနိုင်တယ်။ ဖြန့်စ် ၇နှစ်လောက်ဘဲ ရှိဦးမယ်။ တစ်ခါတလေ လေချွန်တတ်တယ်။ တေဇ ကောင်လေးရဲ့ ရှေ့ရေးကို စိတ်ပူမိတယ်။ ဘာဘဲဖြစ်ဖြစ် ဆဘိုဒို (Sabodo) ဆိုတဲ့ နာမည်ဟာ မဆိုးပါဘူး။

" ***** (Sabodo) က မင်းကျောင်းမတက်ချင်ဘူးလား? "

ကောင်လေး မျက်ခုံးမြင့်တက်သွားတယ်။

" ကျောင်း " ဟုတ်လား? ဘယ်လို လုပ်ပြီး သူကျောင်းတက်နိုင်မှာလဲ။ ကျောင်းဆိုတာလည်း သူသေသေချာချာ မသိဘူး။ အဲဒါ မိန်းမတွေနှင့်အတူတူဘဲလား။ ထောင် အဆောင် (၂)ကလူတွေ ပြောနေတာကြားဘူးတယ်။

မိန်းမတွေဟာ "အ(***)မပါဘူး။" "အ(***) ဘဲပါတယ်။ " "အဲဒါဟာ ပေါင်၂ခု ကြားမှာရှိတယ်။ ယောကျ်ားတွေလည်း အတူတူဘဲ။ ပေါင်ကြားမှာ အ( ***) ရှိတယ်။"

***** ကောင်လေးက

ကိုတေဇ မိန်းမတွေဟာ "အ(***)နဲ့လား?" "အ(***)နဲ့လား?"

“ ဘာပြောတယ်?

မိန်းမတွေမှာ “အ(✱✱✱)နဲ့လား?” “အ(✱✱✱)နဲ့ လား?”

ဘာကြောင့် မေးမိသလဲတော့မသိဘူး။ ဘာဘဲဖြစ်ဖြစ် တေဇ သူ့ကို အဖြေတော့ ပြန်ပေးမယ်ထင်တယ်။ တေဇလည်း အခုမှ နှာခေါင်းကိုပွတ်ရင်း အဖြေပေးဖို့ စဉ်းစားနေရတယ်။

ကောင်လေးကို ကျောင်းပို့မှဖြစ်မယ်။ တေးဆိုငှက် သေသေချာချာ စဉ်းစားပြီးမှ

အ(✱✱✱)ဆိုတဲ့ စကားဟာ သေသေချာချာပြောရရင် ရှိုင်းတယ်။ စဉ်းစား ပြီးမှ ပြင်ပြောလိုက်တယ်။ “ အထူး အ(✱✱✱)တွေ ရှိတယ်။ ”

“ အထူး အ (✱✱✱) တွေ ဟုတ်လား။ ”

“ မင်းလဲ အ(✱✱✱)ပါတယ်။ အဲဒါလဲ အရေးကြီးတဲ့ အထူးပစ္စည်းဖြစ်တယ်။ အဲဒါတွေကို မိန်းမတွေရော၊ ယောကျ်ားတွေပါ အများသူငှာမမြင်အောင် ဖုက်ထားကြရတယ်။ အဲဒါကို အရေးကြီးတဲ့နေရာလို့ ခေါ်တယ်။

“ ဘာလို့ မိန်းမတွေမှာ အ (✱✱✱)မပါသလဲ”

“ မိန်းမတွေဟာ ယောကျ်ားနဲ့မတူတာ သူတို့က ခလေးကို သယ်ပိုက်ထားရတယ်။ အဲဒီ ခလေးတွေဟာ အ (✱✱✱)တွေဟာ အပေါက်ထဲက ထွက်လာကြတယ်။ ဒါကြောင့် မိန်းမတွေဟာ အမေဖြစ်သွားတာပေါ့။ အဲဒါနဲ့ ယောကျ်ားဟာ အဖေဖြစ်သွားတာပေါ့ကွ။ တေဇ ပြောပြီးမှ စိုးရိမ်စိတ်တွေ ပျောက်သွားတယ်။ ဒီလောက်ဆိုရင် ကောင်လေး သဘော်ပေါက်လောက်ပြီ ကောင်လေး သေသေချာချာ စဉ်းစားနေရင်း ----

“ ကျနော် ကျောင်းမသွားနိုင်ဘူး ”

“ ဘာဖြစ်လို့လဲ ” တေဇ မေးလိုက်တယ်။

“ ဘာကြောင့်လဲဆိုရင် ကျနော် စာမှမတတ်တာ။ ” စာလုံးတိုင်းဟာ လျှာကို ကော်ပတ်စားပြီး ထွက်လာတာ။ တေဇဟာ သံတိုင်ထဲကလက်ကို ထုတ်လိုက်ရင်း ကောင်လေးရဲ့ ပုခုံးကို ကိုင်လိုက်ရင်း ---

“ ✱✱✱ စိတ်မပူပါနဲ့ကွာ၊ အဲဒါကြောင့် ကျောင်းဆိုတာ လိုအပ်တာပေါ့။ အဲဒီနေရာ မင်းရောက်သွားရင် မင်းစာဖတ်တတ်မယ်။ စာရေးတတ်မယ်။ နောက်ပြီး လူတွေဟာ မင်းကို ဂရုစိုက်ပြီး စောင့်ရှောက်ပေးလိမ့်မယ်။ ”

ကောင်လေးဟာ ခေါင်းကို တဖက်စောင်းရင်း မသင်္ကာတဲ့မျက်နှာနှင့် --

“ ✱✱✱ ဘယ်လိုနေရာမျိုးလဲ ”

“ အဲဒီဟာကို ဘုန်းကြီးကျောင်းလို့ ခေါ်တယ်။ အဲဒါကို အသက်ကြီးတဲ့ ငါ့အမေ

ရဲ့မိတ်ဆွေ တယောက်က တာဝန်ယူဖွင့်ထားတယ်။ ”

“ ခင်ဗျားမှာ အဖေရှိတယ်ဟုတ်လား?

“ ဘယ်သူဘဲဖြစ်ဖြစ် အဖေဆိုတာ ရှိကြတယ်။ ငါ့အဖေလည်း မင်းအဖေလိုဘဲ သေသွားပြီ၊ ဒါပေမဲ့ ငါ့ရင်ထဲမှာ ရှိနေတုန်းဘဲ။ အဲဒီကျောင်းထိုင်ဆရာတော်ဆိုတာ ငါ့အဖေလိုဘဲ၊ အားလုံးရဲ့ အဖေလိုပေ့ါ။ ”

ကောင်လေး တေဇကို မသင်္ကာသလို ကြည့်လိုက်တယ်။

“ ညီလေး မင်း အဲဒီဆရာတော်ဟာ မင်းကို ကူညီလိမ့်မယ်။ မင်းကို စာရေးတတ်၊ စာဖတ်တတ်အောင် သင်ပေးလိမ့်မယ်။ စာဖတ်တတ်တယ်ဆိုတာ ဘယ်လိုလဲ ဆိုတာ မင်းသိလား။”

ကောင်လေးဟာ ဒီအင်းစိန်ထောင်ကြီးကနေ ဘယ်ကိုမှ မသွားချင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဗိုက် ခဏခဏ ဆာတတ်လို့ဘဲ။

“ စာဖတ်တယ်ဆိုတာ မိုးပေါ်ကိုပျံနေတာနဲ့ အတူတူဘဲ။ မင်းကို ဘယ်ကိုဘဲဖြစ်ဖြစ် ခေါ်သွားနိုင်တယ်။ ”

“ ကိုတေဇ ”

ဒါဟာ ကောင်လေး သူ့ကို ပထမဦးဆုံး ခေါ်မိတဲ့နာမည်။

“ ဟုတ်ကဲ့၊ ကျနော်ပြန်မှဖြစ်မယ်၊ ကြာနေပြီ။ ကျနော်မပြန်ခင် ကိုတေဇ ဆန်ပြုတ်သောက်လို့ ရမလား။ ?

“ သောက်လေ ”

ကောင်လေး သောက်နေတာ တေဇထိုင်ကြည့်နေရင်း ဇွန်းနှင့် ခွက်ထိသံကို မှန်မှန်ကြားနေရတယ်။ ကောင်လေးဟာ ညစ်ပတ်နေတဲ့ လင်ပန်းကို ကိုင်ပြီး ထိုင်ရာက ထလိုက်တယ်။ တေဇလည်း ထလိုက်တယ်။

ကောင်လေးက

“ ကျေးဇူးတင်ပါတယ်။ ”လို့ ပြောလိုက်တယ်။

“ ရတယ် ညီလေး။ အခု ငါလုပ်ပေးနေတာ အစာငတ်နေပြီး ဒုက္ခတွေနှင့် ရုန်းကန်နေ ———————————————————————————”

ဆက်လက်ဖော်ပြပေးသွားပါမည်။

ဖက်တီးရေ စာကြောင်းကပြတ်နေလို့ ဆက်ရိုက်ပေးပါရန်။